ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉**

၁၃၈၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်)

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်း**

အမျိုးသားလွှတ်တော်၏ (၁-၃-၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈/၂၀၁၉) ဖြင့် အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ အပိုဒ် ၄ တာဝန်နှင့် အပိုဒ် ၅ လုပ်ပိုင်ခွင့်များကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

**ကော်မတီ၏ တာဝန်များ**

၄။ ကော်မတီ၏ တာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(က) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ခ) တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသော မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန်၊

(ဂ) ဥပဒေမဲ့ဝင်ရောက်သူများအား ဖော်ထုတ်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက် နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(ဃ) နိုင်ငံခြားသားများ ပြည်တွင်း၌ နေထိုင်မှု၊ သွားလာလှုပ်ရှားမှုများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်ထိန်းသိမ်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(င) တစ်မျိုးသားလုံး လူနေမှုဘဝ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်လူဦးရေမူဝါဒကို ချမှတ်နိုင်ရန် လူဦးရေဆိုင်ရာ ပြည်တွင်း၊ ပြည်ပအချက်အလက်များကို ဆန်းစစ်လေ့လာရေးကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရန်၊

(စ) အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့် ရရှိရန် စည်းကြပ်ဆောင်ရွက်ရေး၊

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှု လျော့နည်းကျဆင်းရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များ အတွင်း ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရန်။

(ဆ) လူမှုဖူလုံရေးအာမခံ အလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကူညီဆောင်ရွက်ပေးရန်။

(ဇ) ရွှေ့ပြောင်းအလုပ်သမားများ၏ ဥပဒေပါအခွင့်အရေးများ ရရှိနိုင်ရေးအတွက် ဆိုက်ရောက် နိုင်ငံများ၏ အလုပ်သမားဥပဒေ လုပ်ခ လစာနှင့်တကွ အခြားရပိုင်ခွင့်များကို ရရှိရေး၊ လွယ်ကူစွာ လစာငွေ ပြန်ပို့နိုင်ရေး၊ မတရားခြယ်လှယ်မှုများရှိပါက ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရန်။

(ဈ) ပြည်ပနိုင်ငံများသို့ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်သော အလုပ်သမားများနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတို့အကြား ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိ၍ တိုင်ကြားလာပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အေဂျင်စီနှင့် ညှိနှိုင်းကူညီဆောင်ရွက်ပေးရန်။

(ည) ခေတ်နှင့်လျော်ညီမှုမရှိသည့် တည်ဆဲအလုပ်သမားဥပဒေများကို လေ့လာသုံးသပ်၍ ပြင်ဆင်နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ စံနှုန်းများနှင့်အညီ ဖြစ်ပေါ်စေရေးတို့ကို ကူညီဆောင်ရွက်ပေးရန်။

(ဋ) အလုပ်ရှင်နှင့် အလုပ်သမားတို့ အငြင်းပွားမှု ဖြစ်ပေါ်လာပါက စေ့စပ်ညှိနှိုင်းရေးအဆင့်တွင် ပြေလည်မှုမရရှိဘဲ ကော်မတီသို့ အကူအညီတောင်းခံလာပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြေလည်မှု ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများ (သို့မဟုတ်) အလုပ်ရှင် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ (သို့မဟုတ်) ပြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်။

(ခ) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသ ပြည်တွင်းပြည်ပ အဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံး သို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

(ဂ) အလုပ်သမားဥပဒေပါ အခွင့်အရေးများကို အလုပ်သမားသမဂ္ဂများ ရရှိခံစားနိုင်မှုအခြေအနေကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှု အခြေအနေအား အချိန်နှင့်တစ်ပြေးညီ တောင်းဆိုပိုင်ခွင့်၊ မေးနိုင်ခွင့် ရှိသည်။

(ဃ) ကော်မတီ၏လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူ ဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာပြုစုတင်ပြရမည်။

(င) ပြည်တွင်းပြည်ပအလုပ်သမားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံ ဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များမေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များ ပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှုရရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်။ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ လွှတ်တော်ရုံး၏အစီအစဉ်ဖြင့် တရားဝင် ဆောင်ရွက်ခွင့်ရှိသည်။

(စ) ပြည်တွင်းပြည်ပအလုပ်သမားအဖွဲ့အစည်းများက ကော်မတီ (သို့မဟုတ်) ကော်မတီဝင်ထံသို့ ဆက်သွယ် လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းပြုနိုင်သည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(ဆ) ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များအား ဦးစားပေး အစီအစဉ်အလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြရမည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

စာအမှတ်၊ ၁၀၀/အမလ/၁ – ၃(ကော်မတီ)၂၀၁၉ ( ၅၁၇ )

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်

<u>**မြန့်ဝေခြင်း**</u>

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

- ဦးစီးရုံး
- ဥက္ကဋ္ဌရုံး
- ဥပဒေပြုဌာနကြီး (သက်ဆိုင်ရာကော်မတီသို့ ဆက်လက်ဖြန့်ဝေပေးနိုင်ရန်ပေးပို့ပါသည်။)
- သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီး
- စီမံရေး၊ ဘဏ္ဍာရေး နှင့် ကျန်းမာရေးဌာနကြီး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်၊<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးနိုင်ပါရန် အမိန့်ကြော်ငြာစာတစ်စောင် (ရှက်ရေ ၄ ရွက်) နှင့်အတူ ပူးတွဲပေးပို့ပါသည်။ |

အမိန့်အရ

လွင်ဦး

ညွှန်ကြားရေးမှူးချုပ်